
မရည်ရွယ်ပေမယ့်

# အခန်း (၁)

မှားသွားပြီထင်တယ်။

နှစ်ယောက်အတူ တွက်ချက်လိုက်တုန်းက သူပေါင်းတာမှန်မှာ ပဲ ခေါင်းညိတ်ခဲ့မိသည် ။

ပြန်ထွက် လာပြီးမှာ ကိုယ်သွင်းသည့်ပစ္စည်းတန်ဖိုးနှင့် အရင်လက်ကျန်စာရင်းပေါင်းတော့ ဒီလောက်မကသေးတာက ပေါ်လာ၏။

ငွေက နည်းနည်းလေးကွာတာမဟုတ်။

ချက်ချင်း ပြန်ပြောရမည်။

စိုးရိမ်စိတ်နှင့် သတိလက်လွတ် ရပ်လိုက်မိတာ လမ်းပေါ်မှာ တုံ့ခနဲ။

"ဟော့"

"အမလေး"

ဆိုင်ကယ်နှင့် လူကိုတိုက်မိတာမဟုတ်။

ဒါပေမဲ့ လက်ကိုင်နဲ့ သူမ၏ လက်က ဖြောင်းခနဲခိုက်မိသွားသည် ။

လန့်ဖျပ်ဆုတ်လိုက်ပေမယ့် ကတ္တရာလမ်းမပေါ်မှာ လူက ပုံကျသွား၏။

"တောက်"

တက်ခေါက်သံလိုလို ကြားလိုက်ရသည် ။

လူတွေဝိုင်းဝန်းလှမ်းကြည့်တာကို မလိုလားသည့်ပုံနှင့် ထိုသူဒေါနှင့် မောနှင့် ဆင်းချလာ၏။

"လက်ကို တိုက်မိသွားတာ၊ မင်းလဲသွားတာ ကိုယ်ကြောင့် ထင်ကြဦးမယ်၊ ကဲ . . . ထ"

ပြောလည်း ပြော၍ လက်မောင်းတစ်ဖက်ကို ဆွဲထူပစ်လိုက်ကာ ပိုင်စိုးပိုင်နင်း. . .

"အား"

ခပ်ယိုင်ယိုင်ပါလာသည့် သူမကိုယ်ကိုထိန်းရင်း လက်ကောက်ဝတ်ကို ထိုသူ ဆုတ်ကိုင်လိုက် တော့ စူးစူးဝါးဝါး အောင်သံလေး ထွက်လာ၏။

"ဘာဖြစ်တာလဲ"

"လက် . . . လက်က. . . အား"

ဆိုင်ကယ်လက်ကိုင်နှင့် ရိုက်မိသည့်လက်ကို သတိရကာ ဆုပ်ကိုင်ထားသည့် လက်ကောက် ဝတ်လေးကို ထိုသူက ပြန်လွှတ်၏။

"ခြေထောက် ဘာဖြစ်သေးလဲ"

ဟု မေးပြီး ဆွဲထူပေးထားသည့် သူ့လက်ကို လွှတ်လိုက်ပြီး သေချာကြည့်သည် ။ သူမ ရပ်နိုင်နေတာကို ကြည့်၍

"မင်းဘာမှ မဖြစ်ဘူးနော်"

ဟု သူပဲ ကောက်ချက်ချ၏။

လူတွေလှမ်းကြည့်နေရင်း ကိုယ့်လမ်းကိုယ်ဆက်သွား၏။

သူကလည်း သူမမျက်နှာကို ခပ်စူးစူးတစ်ချက်သာ ကြည့်ပြီး အငှားကားတစ်စီးကို လှမ်းတားသည် ။

"အို. . . ဘာလုပ်တာလဲ"

"မင်းကို ဆေးဖိုးဝါးခပါ ပေးလိုက်မှာ မပူနဲ့ "

အထက်စီးဆန်စွာ လှည့်ပြော၍ ကားရပ်တဲ့ အထိ စောင့်နေပြီးမှ . . .

"သူ့ကို သူပြောတဲ့ အထိ ပို့ပေးလိုက်ပါ"

"အို. . . ပန်း ပြန်လို့ မဖြစ်သေးဘူး ဈေးထဲပြန်ဝင်ရဦးမှာ "

သူကိုင်ထားသည့် လက်မောင်းကိုပါ ဖယ်ချလိုက်တော့ သူလှည့်ကြည့်၏။

"ဒါဆိုလည်း မင်းကိစ္စ မင်းလုပ်လေ ရော့ . . .

ဘယ်လိုမှ မအောက်မေ့နဲ့၊ ကိုယ့်မှာ အချိန်မရှိလို့ "

သူ့ဘောင်းဘီအိတ်ထဲကို နှိုက်လိုက်သည် ။

ပြန်ထွက်လာတော့ လက်ထဲမှာ ထောင်တန်တစ်အုပ်ပါလာ၏။

ဘယ်လောက် ဘယ်ရွေ့ မရေတွက်ပါ ပါသလောက်ကို ဆွဲဖြုတ်လိုက်ပြီး ပန်းလက်ထဲကို ထည့်လိုက်၏။

ထို့နောက်ဘာမှ မပြောဘဲ ကျဲသောခြေလှမ်းများ နှင့် ဆိုင်ကယ်ဆီသို့ ပြန်လှည့်သွားလေသည် ။

ပန်း ဒဏ်ရာကိုလည်း မေ့သွားသည် ။

ဒီလူ ဘယ်လိုပုံစံ လုပ်သွားတာလဲဆိုတာလည်း မတွေးဖြစ်တော့ဘဲ မနည်းမနောထည့် ပေးသွားသည့် ထောင်တန်တွေကို ကျစ်နေအောင်

ဆုပ်ထားလိုက်မိသည် ။

*

# အခန်း (၂)

"အား"

"အို. . . သမီး"

ဖြည်းဖြည်းလျှောက်လာသည့် ခြေလှမ်းက အပြေးတစ်ပိုင်းဖြစ်သွား၏။

ဒေါ်မူမူဆွေ သမီးရဲ့ ခုတင်ဘေးမှာ တင်ပါးလွှဲဝင်ထိုင်လိုက်ချိန်တွင် လက်ကောက်ဝတ်လေး တစ်ဖက်ကို လက်တစ်ဖက်နဲ့ ဖိဆုပ်လျက် ပန်းလည်း အိပ်ရာထဲက ကျုံးထနေပြီ။

"သမီးရယ်... လက်ကို ဆေးခန်းသွားပြလိုက်ပါဆိုပြောတာမရဘူး၊ အချိန်ရှိသေးတယ်၊ ကဲ... ထ ...ထ... မေမေလိုက်ပို့မယ်"

"ဟင့်အင်း. . . မေမေ"

ပန်း အိပ်ရာထဲ ထထိုင်လိုက်သည့်တိုင် တင်ပါးအောက်မှာ ဖိနေသည့် ဆံပင်တွေကို ဆွဲမထုတ်နိုင်သေး။

ပန်းရောင်ရင့်လျက် အနည်းငယ်ယောင်နေသည့် လက်ကောက်ဝတ်ကို ဘေးကနေ ဖွဖွလေး ပဲဆုပ်ထားနိုင်သည် ။

တစစ်စစ်ကိုက်ခဲနေသည့်လက်သည် ချိုင်းအောက်ထိအောင်နာသည် ။လိမ်းဆေးတွေ ဘယ်လောက်ပဲ လိမ်းလိမ်း မသက်သာတာကို သက်သာသလိုနေပြခဲ့ပေမယ့်. . . ညအိပ်ရာဝင်တော့ ဘယ်လိုမှ ဟန်မဆောင်

နိုင်တော့။

အိပ်ရာထဲမှာ လှဲ၍ အိပ်ပျော်ဖို့ ကြိတ်မှိတ်ကြိုးစားခဲ့သည် ။ မေးခနဲ အိပ်ပျော်သွားကာမှ လက်ချင်းထိခတ်ကာ အသည်းခိုက်အောင်နာသွား၏။

ခုတော့ မေမေလည်း သိသွားပါပြီ။

လက်ကိုဆွဲကြည့်ပြီး ယောင်နေတာမြင်တော့ ပိုဆိုးသွား၏။

“သမီးရယ်. . . ဆေးခန်းသွားပြရင် အလွန်ဆုံးကုန် နှစ်ထောင် သုံးထောင်ပေါ့၊ သိပ်ဖြစ်မှာ မဟုတ်ဘဲ မကုဘဲနေမှ ပိုဆိုးသွားလိမ့်မယ်”

“နေပါစေတော့ မေမေရယ်၊ မေမေ ပေးရမယ့်ကြွေးကို ဒီငွေနဲ့ ဆပ်နိုင်တာပဲ ပန်း ဝမ်းသာလှပြီ၊ ဒါဖြစ်စမို့လို့ ပါ၊ ဆေးထပ်လိမ်းလိုက်ရင် ပျောက်သွားမှာ ”

ပိုးပျော့သားလေးလို နုဖပ်ဝင်းအိနေသည့် လက်ချောင်းသွယ်သွယ်လေးတွေကို မနာအောင် ဖွဖွလေးဆုပ်ကိုင်ရင်း ဒေါ်မူမူဆွေ စိတ်မကောင်းဖြစ်သွားမိသည် ။

“သမီးလေးရယ်. . . မေမေ့ကြွေးကို အစ်ကိုနေ ဆပ်ပေးလိုက်မှာ စိုးလို့ မဟုတ်လားဟင်”

ပန်းမျက်ဝန်းလေးတွေ ငေးခနဲ ဖြစ်သွား၏။

ပြီးတော့ ခပ်လေးလေးခေါင်းညိတ်ကာ

“ဟုတ်တယ် မေမေ၊ ပန်း ဆိုင်ကယ်တိုက်ခံရတာ ဒဏ်ရာရခဲ့ပေမယ့် ဒီငွေကိုရလိုက်တော့ အရမ်းဝမ်းသာသွားတာ၊ အဲဒါ မေမေ့အကျပ်အတည်းတစ်ခုကို ဖြေရှင်းပေးနိုင်ပြီ မို့လို့ ပါ။ ပြီးတော့...”

"ပြီးတော့ သမီး အစ်ကိုနေနဲ့ မေမေ့ကို မပတ်သက်စေချင်ဘူး မို့လား
"

သားအမိနှစ်ယောက် အကြာကြီး ငေးကြည့်နေမိကြ၏။

လက်ကနာကျင်မှုကြောင့် ပန်းမျက်နှာလေး ရှုံ့မဲ့သွားလျက် ငုံ့ပစ်လိုက်သည် ။

"ဟုတ်တော့ ဟုတ်ပါတယ် မေမေ၊ ဒါပေမဲ့ မဟုတ်တာလည်း ရှိပါသေးတယ်၊ မေမေအခက်အခဲဖြစ်တိုင်း သူကူညီပေမယ့် သူ့ကို မေမေ အလွယ်တကူတွေ့ခွင့်ရတာမှ မဟုတ်တာ၊ မုဆိုးဖို သူဌေးတစ်ယောက်ကို မုဆိုးမ သူဆင်းရဲတစ်ယောက်က ဟိုရှာ ဒီရှာလုပ်ရတာ မေမေ ပေးဆပ်လိုက်ရတာတွေပါ၊ ဘာဖြစ်ဖြစ် အလကားရတာ ဘာမှ မရှိဘူး မေမေ၊ ပန်း မေမေ့ကို ဒီလိုမဖြစ်စေချင်ဘူး၊ ဦးနေရိပ်က မခန့်မှန်းနိုင်လောက်အောင် ချမ်းသာတဲ့ သူ၊ မေမေ့ရဲ့ ငယ်ချစ်ဟောင်း၊ အခု နှစ်ယောက်လုံး လွတ်လပ်နေကြပြီ၊ သားသမီးတွေရှိခဲ့ကြတာကိုလည်း တာဝန်ကျေခဲ့ကြတဲ့ သူတွေပါ၊ ဦးနေရိပ်က မေမေ့ကို တင့်တင့်တယ်တယ် လက်ထပ်ဖို့ ကမ်းလှမ်းတဲ့ ကိစ္စမှာ ပန်း မကန့်ကွက်ပါဘူး"

"သမီးရယ်"

"ပန်းက သူဌေးမို့ မေမေနဲ့ သဘောတူတာ မဟုတ်ဘူး ၊ ဦးနေရိပ်နဲ့ မေမေ စကားပြောနေကြတာကိုနားထောင်ပြီး ပန်းကိုယ်တိုင် ဦးနေရိပ်ကို လေးစားခဲ့တာပါ၊မေမေလည်း ကိုယ့်ရဲ့ ငယ်ချစ်ဦးကို မျှော်လင့်နေမှာ ပဲ၊ ဖခင်မဲ့ခဲ့တဲ့ ပန်းဘဝကို မေမေ ရှပ်ရှပ်ချွံချွံ ပြုစုပျိုးထောင်ခဲ့ပြီးပြီဆိုတော့ ပန်း မေ့မေ့ကို ဘာမှ ဝေဖန်စရာမရှိတော့ဘူး၊ မေမေ့ကို ပန်း နားလည်လို့ ကူညီချင်တာပါ၊ နောက်ကို ဒုက္ခရောက်တိုင်း သူ့ဆီက အကူအညီမယူပါနဲ့ မေမေ၊ ပန်းနဲ့ မေမေတိုင်

ပင်ပြီး အတိုင်းအတာတစ်ခုနဲ့ ရှန်းကန်ကြတာပေါ့နော်”

ဒေါ်မူမူဆွေ ငေးငိုင်နေမိလေသည် ။

သမီးရဲ့ ဖေဖေ ဆုံးသွားပြီးကတည်းက မကျွမ်းကျင်သော စီးပွားရေးတွေကို မထိန်းသိမ်းနိုင်ဘဲ ကသောင်းကနင်းတွေ ဖြစ်သွားလိုက်တာ ဘယ်လိုမှ အဖတ်မဆယ်နိုင်ခဲ့။

ကျန်ခဲ့တာလည်း ဒီသမီးက လူမမယ်လေး။

သူမအတွက် တိုးတိုးဖော်မရှိခဲ့သည့်မို့ နားလည်တာလည်း ရှိ၊ မလည်ဘဲလည်း နားထောင်ပေးရှာသော သမီးလေးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်၍ ငိုစရာဆိုလည်း ပြေး၍ အတူတူငိုကြသည် ။

ရယ်စရာရှိတော့လည်း သမီးလေးနဲ့ ပဲ ရယ်ရ။

နောင်တစ်ချိန်မှာ သမီးလေးဟာ သူမရဲ့ အရိပ်၊သူမ၏ ကိုယ်ပွားလေးလို ဖြစ်လာခဲ့သည် ။

ထို့ကြောင့် သူမအပေါ် သမီးလေးနားလည်နေတာကို ကြည်နူးမိသည် ။

ဒါပေမဲ့ အနစ်နာခံပေးတာကိုတော့ မလိုချင်ပါ။

“သမီးရယ် . . . ဒီကြွေးတစ်ခုကို ရှင်းပစ်နိုင်ရုံနဲ့ မေမေတို့ က သူနဲ့ ကင်းသွားမှာ မှ မဟုတ်တာ၊ မေမေလေ နောက်ကို . . .”

“နောက်ကို ဆင်ခြင်ဖို့ ပန်းမပြောပါဘူး မေမေ၊ ပန်းဖြစ်စေချင်တာက မေမေ သူနဲ့ လက်ထပ်တဲ့ အချိန်မှာ သူ့ အသိုင်းအဝိုင်းတွေရဲ့ အမြင်ထဲမှာ ဦးနေရိပ်ထောက်ပံ့ကြည့်ရှုနေခဲ့တဲ့ မိန်းမတစ်ယောက်အဖြစ် မရှိစေချင်တာ၊ ဆင်းရဲလို့ သူ့ငွေကို အပိုင်ကြံပြီး အားကိုးရှာတာမျိုး မဖြစ်

စေချင်ဘူး၊ မေမေ့ကို သူ့အသိုင်းအဝိုင်းက သိလိုက်တဲ့ အချိန်မှာ မေမေ ဟာ ဦးနေရိပ်ရဲ့ အချစ်ဦး၊ ဒါပဲ၊ အားကိုးရှာလိုက်တာနဲ့ မေတ္တာရိပ်ကိုယူ တာ အများကြီးကွာပါတယ်၊ မေမေ့သိက္ခာ မာနကို လုံးဝ ထိခိုက်မသွား စေချင်တာ”

“သမီးရယ်”

“မေမေ”

“ဟင်”

“ဦးနေရိပ်က အရမ်းနှပ်ပျိုပြီး ငယ်ရွယ်ချောမောနေတာဆိုတော့ ကြား ရတဲ့ သတင်းတွေ တကယ် မှန်နေလားဟင်”

ဒေါ်မူမူဆွေ ပင့်သက်လေးရှိုက်၍ လိမ်းဆေးဘူးကို ဖွင့်သည်။

ပန်းလက်ကောက်ဝတ်လေးကို ညင်ညင်သာသာလေးလိမ်းပေးရင်း. . .

“မှန်တယ် သမီး၊ဒါပေမဲ့ သူက ချောလို့ ၊ပြီးတော့ အရမ်းချမ်းသာ တော့ ပေါ်လွင်တာပေ့ါ၊ အားကိုးချင်တဲ့ မိန်းကလေးတွေရော၊ ချောတာ ကို မက်မောတဲ့ သူတွေရော၊ဘာပဲဖြစ်ဖြစ် သမီးရယ်၊ တစ်ယောက်တည်းရပ်နေရင်တော့ တစ်ယောက်တည်းပဲ မြင်မှာ ပေ့ါ၊ သူ့ဘေးမှာ တခြားသူတွေပါ စုပြုံရပ်နေရင်လည်း စုပြုံမြင်မှာ ပဲလေ၊ ဒီ လိုမြင်တဲ့ အခါ ဦးနေရိပ်ကို သိပ်ရှုပ်တာပဲလို့ ဝေဖန်ကြလိမ့်မယ်၊ ဒါကို သူဘယ်လိုရှင်းမလဲ”

ပန်းဘာမှ မပြောဘဲ ငြိမ်သက်၍ နားထောင်သည်။

“သူ့စိတ်ကို မေမေသိတယ်၊တစ်ဖက်သတ်ယုံကြည်ခဲ့တာမျိုး မဟုတ် ဘူး ၊ ယုံကြည်ထိုက်လို့ ယုံတာပါ၊ မေမေ သေချာမသိသေးတာ တစ်ခုပဲ

ရှိတယ်၊ သမီးလေး သူနဲ့ မေမေ လက်ထပ်ဖို့ တကယ်သဘောတူရဲ့ လား
”

ပန်းလက်ကလေးကို ခေါင်းစည်းပဝါပါးလေးနဲ့ ဖွဖွလေး ပတ်ရင်း မေးတော့ ပန်း မေမေ့ကို မော့ကြည့်သည် ။

“ပန်းက သဘောမတူဘူးဆိုရင် မေမေနောက်ဆုတ်မယ်ဆိုတာ ပန်း သိတယ်၊ တားဆီးရက် ပ့ါမလား မေမေရယ်၊ မေမေစိတ်ချမ်းသာဖို့ ထက် ပန်း ဘာကိုမှ ဂရုမစိုက်ဘူး”

ဒေါ်မူမူဆွေ ပန်းကိုယ်လုံးလေးကို ကြည်နူးချမ်းမြေ့စွာ ထွေးပွေ့ ထားလိုက်မိသည် ။

ကိုယ့်အလိုကို ကြည်ဖြူလိုက်လျောပေး၍ ကျေနပ်သွားတာ မဟုတ် ပါ။

သမီးလေး ကိုယ့်အပေါ် တကယ်နားလည် လက်ခံပေးတာမှန်း သိ၍ ဖြစ်သည် ။

မတက်သာလို့ ခွင့်ပြုပေးရတာမဟုတ်ဘဲ သမီးလေးဟာ အုပ်ထိန်း သူတစ်ယောက်က ကိုယ့်ကလေးအပေါ်ကောင်းစားစေချင်သောစေတ နာမျိုးနှင့် ကြည်ဖြူနေတာမို့ ပို၍ ကြည်နူးမိသည် ။

သူမရယ်ရွှယ်ချက်တွေကလည်း သမီးလေး တစ်သက်လုံး နွမ်းပါးစွာ နေလာခဲ့သမျှ ပြည့်စုံချမ်းသာစေချင်၍ ပါ။

ဦးနေရိပ်မှာ ဆွေးမျိုးအသိုင်းအဝိုင်း ဘာမှ မကျန်ခဲ့။

ကျန်ခဲ့တာက သူမလိုပဲ သားလေးတစ်ယောက်တည်း။

*